# ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး
# အဋ္ဌမနေ့ အစီအစဉ်
# [၅-၇-၂၀၁၃] (သောကြာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဒေါ်နန်းဝါနု၊ ကွန်ဟိန်း မဲဆန္ဒနယ်(ကိုယ်စား) ဦးစိုင်းကျော်မြင့်၊ မိုးနဲ မဲဆန္ဒနယ်၏ **လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင် တို့ရှိ ခိုလန်မြို့နယ်ခွဲ (သို့) မြို့တစ်မြို့ မြို့တွင် စီးပွားရေးဇုန်၊ စက်မှုဇုန် တည်ထောင်ပေးနိုင်ပါရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးစိုင်းဝေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၏ **နှစ်စဉ်ပြည်ထောင်စုနေ့ အခမ်းအနားကို အမြို့မြို့အနယ်နယ်များ ၌ တစ်ပြေးညီ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားရန်နှင့် ပြည်ထောင်စု အလံတော် သယ်ဆောင်ခြင်း အခမ်းအနားကို ပြန်လည်ဖော်ထုတ် ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိတို့** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးအေးမောက်၊ မလှိုင် မဲဆန္ဒနယ်၏ **ကဏ္ဍအသီးသီးနှင့် နယ်ပယ် အသီးသီးအတွက် စံချိန်စံညွှန်းများ ရေးဆွဲသတ်မှတ်၍ ဥပဒေ ပြဋ္ဌာန်းနိုင်ရန် အချိန်ကာလ သတ်မှတ်ပြီး သတ်မှတ်ချိန် အတွင်း ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်းအပေါ် လက်ရှိ ဆောင်ရွက်ဆဲ ဆောင်ရွက်ပြီးစီးမှု များအား ကဏ္ဍအလိုက် ရှင်းလင်း တင်ပြပေးပါရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးရဲထွန်း၊ သီပေါ မဲဆန္ဒနယ်၏ **မန္တလေးမြို့၊ သီရိဟောမာအရှေ့ရပ်ကွက်ရှိ လုပ်အားရတနာဖိနပ်ချုပ် သမဝါယမ အသင်းသားများပိုင်မြေနှင့် အဆောက်အဦအား မတရားသိမ်းယူ လေလံတင်ရောင်းချခဲ့မှုအတွက် တရားမျှတစွာ ဆောင်ရွက်ပေးနိုင်ရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးစိုင်းဝင်းခိုင်၊ သိန္နီ မဲဆန္ဒနယ်၏ **နိုင်ငံသားစိစစ်ရေး ကတ်ပြားတွင်နာမည်ဖြည့်စွက်ခြင်းနှင့် နာမည်ပြောင်းခြင်း ကိစ္စရပ်များကိုဆောင်ရွက်ပေးခြင်းနှင့် ဆောင်ရွက်ရာတွင် မည်သည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်၊ အထောက်အထားများဖြင့်ဆောင်ရွက်ပေးနေသည်၊ ဌာနအဆင့်ဆင့်သို့ တင်ပြထားသော်လည်း အဘယ်ကြောင့် ဆောင်ရွက်ပေးခြင်း ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးရှိသီး၊ လေရှီး မဲဆန္ဒနယ်၏ **နာဂတိုင်းရင်းသားများအား သီးခြားတိုင်းရင်းသားမျိုးနွယ်စု တစ်စုဖြစ်ကြောင်း ဆန္ဒရယူပြီး သတင်းထုတ်ပြန်ပေးရန်နှင့် တိုင်းရင်းသားမျိုးနွယ်စုကြီး (၈)စု နှင့် မျိုးနွယ်စုဝင်တိုင်းရင်းသားငယ်များအား အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း အခွင့်အရေးနှင့် ပါဝင်နိုင်မှုတို့ကို လက်တွေ့ဘဝတွင် ဆောင်ရွက်ပေးသွားရန် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဆ) ဦးသန်းစိုး၊ သာစည် မဲဆန္ဒနယ်၏ **သမင်စာကုန်းကျေးရွာရှိ ကျေးလက်ဆေးပေးခန်းဌာနခွဲအား အုတ်ကာ၊ အုတ်ခင်း၊ နံကပ် အဆောက်အဦအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဇ) ဒေါက်တာတင်မောင်ကြိုင်၊ ကြံခင်း မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းတစ်ရပ်ဖြစ်သည့် ဆေးဝါးထိန်းချုပ်ရေး လုပ်ငန်းအား မည်သို့ဆောင်ရွက်နေသည်** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဈ) ဦးညီညီမြင့်၊ အုတ်တွင်း မဲဆန္ဒနယ်၏ **အုတ်တွင်းမြို့နယ် ပြည်သူ့ဆေးရုံအား (၅၀)ခုတင်သို့ တိုးမြှင့်ပေးရန်နှင့် ပြည်သူ့ဆေးရုံ အဆောက်အဦ၊ ဆရာဝန်နေအိမ် နှင့်ဝန်ထမ်းအိမ်ရာ ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ည) ဒေါက်တာအောင်သန်း၊ ရွှေဘို မဲဆန္ဒနယ်၏ **ညောင်ပင်သာကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ဦးသိန်းညွန့်၊ သဃ်န်းကျွန်း မဲဆန္ဒနယ် က **" ၁၈၆၁ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်းနှင့် ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း။

၇။ **" ၁၈၆၁ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၈။ လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီသို့ လွှဲအပ်မည်ဖြစ်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၉။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး အဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။